## ဘာသာပြန်သူ၏ အမှာ

အသိစိတ်အရ ခွင့်မပြုလိုသော်လည်း ဇာတိစိတ်အရ ဝါသနာပါသော လူသတ်စစ်ပွဲအကြောင်း ရေးသားထားသည့် စာအုပ်တစ်အုပ်ကို ဘာသာပြန်မိပြန်ပါသည်။

အစ္စရေးလ်စစ်တပ် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး မိုရှေဒါယန် (ယခု ကာကွယ်ရေးဝန်ကြီး)၏ အကြောင်းကို ကျွန်တော် ဘာသာပြန်ခဲ့သော ***"အာရပ်–အစ္စရေးလ် ၆ ရက် စစ်ပွဲ"*** ဖတ်ဖူးသူများ ကောင်းစွာသိကြပါမည်။ ၁၉၆၇ ခုနှစ်၊ ဇွန်လ ၅ ရက်မှ ၁၀ ရက်နေ့အထိ ဖြစ်ပွားခဲ့သည့် အာရပ်–အစ္စရေးလ်စစ်ပွဲကို အနိုင်တိုက်သူမှာ မိုရှေဒါယန်ဖြစ်ကြောင်း မှတ်မိကြပါဦးမည်။

မိုရှေဒါယန် နာမည်ကြီးလာခြင်းမှာ ၁၉၅၆ ခုနှစ်က ဖြစ်ပွားသည့် ဆီနိုင်းစစ်ပွဲကြီးကြောင့် ဖြစ်ပါသည်။ စစ်ပရိယာယ် ကြွယ်ဝသော စစ်ဗိုလ်ချုပ်တစ်ယောက်ဖြစ်ကြောင်း တစ်ကမ္ဘာလုံးက လက်ခံခဲ့ကြပါသည်။ ထို့ပြင်မက ***"ဆီနိုင်းသူရဲကောင်း"*** ဟူ၍ပင် သူ့ကို ဝိုင်း၍ အမည်ပေးခဲ့ကြသည်။

ယခု ကျွန်တော် ဘာသာပြန်သော စာအုပ်သည် အဆို ပါ ***"ဆီနိုင်းစစ်ပွဲ"*** အကြောင်းပင် ဖြစ်၏။ ဤစာအုပ်ကို ရေးသားသူကား ထိုစစ်ပွဲကို အနိုင်တိုက်ခဲ့ပြီး ***"ဆီနိုင်းသူရဲကောင်း"*** ဟူ



သည့် အမည်ကိုပါ ရခဲ့သူ ဗိုလ်ချုပ်မိုရှေဒါယန်ပင် ဖြစ်၏။

ဤစာအုပ်ကား ထိုစစ်ပွဲကြီးနှင့် ပတ်သက်သည့် မိုရှေဒါယန်ကိုယ်တိုင် ရေးသားထားသော နေ့စဉ်မှတ်တမ်းပင် ဖြစ်လေသည်။

သို့ဆိုလျှင် ဆီနိုင်းစစ်ပွဲအကြောင်းကို ဤစာအုပ်ထက် အနီးကပ်ဆုံး၊ အပြည့်စုံဆုံး၊ အတိကျဆုံး ရေးသားဖော်ပြနိုင်မည့် အခြားစာအုပ် မရှိနိုင်တော့ပါ။ စစ်ဗိုလ်ချုပ်တစ်ယောက်က သူ ကိုယ်တိုင် ခေါင်းဆောင်ဆင်နွှဲသည့် စစ်ပွဲတစ်ရပ်အကြောင်း ခရေစေ့တွင်းကျ ရေးသားဖော်ပြထားချက်များကို ဖတ်ရသောအခါ အရသာတစ်မျိုးကို တွေ့လာရပါသည်။ ထိုအရသာပေါ်လွင်အောင် ကျွန်တော် အစွမ်းရှိသမျှ ကြိုးစား၍ ပြန်မာပြန်ဆိုထားပါသည်။ အရသာ မပေါ်လွင်သေးဟုဆိုလျှင် ကျွန်တော်၏ ချွတ်ယွင်းချက်ဖြစ်သည်ဟုသာ မှတ်ယူစေလိုပါသည်။

ဤစာအုပ်ကို ဘာသာပြန်ဆိုရာတွင် လိုအပ်နေသည့် စာအုပ်စာတမ်းများ၊ အချက်အလက်များ ကူညီရှာဖွေပေးသော ဆရာဦးမျိုးချစ် (လုပ်သား ကောလိပ်၊ သမိုင်းဌာန) အား ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

အထောက်တော်လှအောင်

ဓေယျဝတီ၊ ၁၉၆၈ ခုနှစ်၊ မေလ ၉ ရက်။

❖

## ဗိုလ်ချုပ်ကြီး ဒါယန်၏ အမှာ

စစ်ပွဲပြီးဆုံး၍ မကြာမီမှာပင် ဤစာအုပ်သည် ထုတ်ဝေရန် ပေါ်ထွက်လာပါသည်။ ယင်းစစ်ပွဲသည် ၁၉၅၆ ခုနှစ်က ဖြစ်ပွားခဲ့သည့် စစ်ပွဲဖြစ်၏။ ထိုစဉ်က ဆီနိုင်းကျွန်းဆွယ်စစ်ပွဲမှာ ၈ ရက် ကြာခဲ့သည်။ ယခု ၁၉၆၇ ခုနှစ် ဆီနိုင်းကျွန်းဆွယ်စစ်ပွဲတွင်မူ ၅ ရက်သာ ကြာမြင့်လေသည်။ ယခုစစ်ပွဲတွင် ဂျော်ဒန်ပြည်၏ အနောက်ဘက်ခြမ်းနှင့် ဆီးရီးယားပြည်၏ ဂိုလန်နှင့် ဘာရှန်ကုန်း ပြင်မြင့်များကိုလည်း သိမ်းပိုက်ရယူနိုင်ခဲ့၏။

ထို့ပြင်မကသေး ၁၉၅၆ ခုနှစ် ဆီနိုင်းကျွန်းဆွယ်စစ်ပွဲတွင် စစ်တပ် အင်အား (၃၅,၀၀၀) နှင့် တင့်ကားပေါင်း (၂၀၀) တို့ ပါဝင်တိုက်ခိုက် ဆင်နွှဲခဲ့ကြသော်လည်း ယခု ၁၉၆၇ ခုနှစ် ဆီနိုင်းကျွန်းဆွယ်စစ်ပွဲတွင်မူ အီဂျစ်စစ်တပ်အင်အား တစ်သိန်းနှင့် တင့်ကားပေါင်း (၉၅၀) တို့ ပါဝင်တိုက်ခိုက်လာကြလေသည်။

ကျွန်ုပ်၏ ဆီနိုင်းကျွန်းဆွယ်စစ်ပွဲ နေ့စဉ်မှတ်တမ်းကို ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်လာသူ ဒေးဗစ်ဘင်ဂူရီယံနှင့် ကျွန်ုပ်တို့ စကားပြောဆိုကြသည့်အခန်းတွင် အပြီးသတ်၍ ထားပါသည်။ စစ်ပွဲ၏ နောက်ဆုံးညတွင် ဘင်ဂူရီယံကို ကျွန်ုပ် တွေ့သည်။ ရှမ်အယ်လ်ရှိတ်ကို သိမ်းပိုက်ရယူပြီးဖြစ်ကြောင်း၊



စစ်ပွဲလည်း ပြီးဆုံးပြီဖြစ်ကြောင်းဖြင့် ဒေးဗစ်ဘင်ဂူရီယံကို ကျွန်ုပ်က အစီရင်ခံသည်။

ယခုမှ စတင်ဖြစ်ပွားလာပြီဖြစ်သော နိုင်ငံရေးတိုက်ပွဲကြီးကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း ရှိမည်၊ မရှိမည်နှင့် ပတ်သက်ပြီး ကျွန်ုပ်၏ စိုးရိမ်ပူပန်မှုကိုမူ မှတ်တမ်းတင်ခဲ့ပါသည်။ စိုးရိမ်ပူပန်မှု ဖြစ်ဖွယ်ရာ အကြောင်းများလည်း ရှိပါသည်။

၁၉၆၇ ခုနှစ်၊ ဇွန်လတွင် ဖြစ်ပွားသည့် ဆီနိုင်းစစ်ပွဲသည် ထိုစစ်ပွဲအပြီး နိုင်ငံရေးအစီအစဉ်များကို ဖြစ်ပေါ်စေသည့် စစ်ပွဲပင် ဖြစ်၏။ အစ္စရေးလ် စစ်တပ်က သိမ်းပိုက်ရယူခဲ့သည့် တိုင်ရန်ရေလက်ကြားကို ကုလသမဂ္ဂ အရေးပေါ်တပ်များ၏ လက်သို့ အစ္စရေးလ်က လွှဲပြောင်းပေးအပ်ခဲ့ဖူးသည်။ ကုလသမဂ္ဂ အရေးပေါ်တပ်များ ဆောင်ရွက်ရမည့် အလုပ်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ အစ္စရေးလ်သင်္ဘောများ လွတ်လပ် စွာ သွားလာခွင့်ကို တာဝန်ယူပေးရန် ဖြစ်သည်။ သို့ဖြင့် သင်္ဘောများ သွားလာခုတ်မောင်းခွင့်သည် ၁၀ နှစ်ကျော်ကျော် တည်ရှိခဲ့လေသည်။

သို့သော် အီဂျစ်သမ္မတ နတ်ဆာသည် အစ္စရေးလ်ကို စစ်ပြုရန် ဆုံးဖြတ်လိုက်သည်။ အောင်ပွဲခံရမည့်သူဟုလည်း ယုံကြည်သည်။ သို့ကလို ဆုံးဖြတ်လိုက်သောနေ့မှာပင် ကုလသမဂ္ဂ အရေးပေါ်တပ်များ ရုပ်သိမ်းပေးရန် သမ္မတ နတ်ဆာက တောင်းဆိုလိုက်၏။ သူ၏ တောင်းဆိုချက်အရ ကုလအရေးပေါ်တပ်များ ရုပ်သိမ်းရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ညွှန်ကြားသည်။

ထိုမှစပြီး ၁၉၆၇ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့သို့ ရောက်သည်တွင် ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ မတိုင်မီက အခြေအနေများကို ကျွန်ုပ်တို့ ရင်ဆိုင်နေကြရပြန်ပြီဖြစ်၏။ တိုင်ရန်ရေလက်ကြားတွင် အစ္စရေးလ်သင်္ဘောများ သွားလာခုတ်မောင်းခွင့်ကို အီဂျစ်နိုင်ငံက တားမြစ်ပိတ်ပင်လိုက်ပြန်သည်။ ထို့ပြင်သာမက အစ္စရေးလ်စစ်တပ်များကို စစ်ဖက်ပြိုင်တိုက်ခိုက်ရန် အီဂျစ်စစ်တပ်များက



စစ်ပြင်ဆင်နေကြ၏။ တိုင်ရန်ရေလက်ကြားတွင် အစ္စရေးလ်သင်္ဘောများ သွားလာခွင့်ကို ပိတ်ပစ်လိုက်ခြင်းအားဖြင့် အစ္စရေးလ်ကို သမ္မတနတ်ဆာက စစ်ပြုလိုက်ခြင်းပင် မည်ပေသည်။ သို့သော် ယင်းအပြုအမူမှ ပေါ်ပေါက်လာသည့်အဖြေကား သူ ထင်မြင်မျှော်မှန်းထားသည့် အချက်များနှင့် ဆန့်ကျင်ဘက်ပင် ဖြစ်ချေသည်။

ကျွန်ုပ် ရေးသားဖော်ပြသကဲ့သို့ပင် ယခုတစ်ကြိမ် စစ်ပွဲမှာ ခြောက်ရက်အတွင်း ပြီးဆုံးသွား၏။ အီဂျစ်၊ ဂျော်ဒန်နှင့် ဆီးရီးယားစစ်တပ်များ အရေးနိမ့်သွားကြပြန်၏။ အစ္စရေးလ် သင်္ဘောများသည် ပင်လယ်နီအတွင်း၌ လွတ်လပ်လုံခြုံစွာ ဖြတ်သန်းခုတ်မောင်း သွားလာနိုင်ကြပြန်၏။ မည်သို့ပင်ဆိုစေ နိုင်ငံရေးအရ ရှန်းကန်ဖြေရှင်းရမှုသည် ယခုမှပင် စတင်ဖြစ်ပွားရ တော့သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင်လည်းကောင်း၊ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအများအပြားရှိ မြို့တော်ကြီးများတွင်လည်းကောင်း အချေအတင် ပြောဆိုဆွေးနွေးမှုများ၊ ဈေးဆစ်မှုများကို ပြုလုပ်နေကြသည်။ ဖြစ်ပွားခဲ့ရသည့် စစ်ပွဲအစား ငြိမ်းချမ်းရေးကို အစားထိုးရန် စီစဉ်နေကြခြင်း ဖြစ်လေသည်။

ဤကိစ္စများနှင့် ပတ်သက်၍ မေးခွန်းများ ပေါ်ပေါက်လာပါသည်။ အာရပ်နိုင်ငံများက အစ္စရေးလ်နိုင်ငံကို အသိအမှတ်ပြုမည်လော။ အစ္စရေးလ်နိုင်ငံ ရပ်တည်ခွင့်ကို လက်သင့်ခံကြမည်လော။ အစ္စရေးလ်နိုင်ငံနှင့် ငြိမ်းချမ်းစွာ ဆက်ဆံရေးကို လက်ခံတည်ဆောက်ကြမည်လော။ သို့တည်းမဟုတ် အစ္စရေးလ်နိုင်ငံကို မြေပုံပေါ်မှ ဖယ်ထုတ်ပစ်လိုက်မည်လော။ ယခုတစ်ကြိမ်တွင်မူ သူတို့ ရှုံးနိမ့်သွားကြရပါသည်။ အရေးမလှ ဖြစ်သွားကြရပါသည်။ သို့သော် အစ္စရေးလ်နိုင်ငံကို ဖက်ပြိုင်အနိုင်ယူနိုင်မည်ဟု ထပ်မံ ယုံကြည်လာကြပြန်သောအခါတွင် ကြိုးစားမှုအသစ်တစ်ရပ်ကို ပြုလုပ်ကြပေဦးမည်။ အစ္စရေးလ်နိုင်ငံကို ချေမှုန်းပစ်နိုင်ရန်



ကြိုးစားပေဦးမည်။

ကျွန်ုပ်၏ အခြေအနေသည် ၁၉၅၆ ခုနှစ်ကနှင့် မတူညီတော့ပါ။ ထို့ကြောင့် ယခု အမှာစာကိုရေးရာတွင် အခက်အခဲ ပေါ်နေပါသည်။ ကျွန်ုပ်သည် စစ်ဗိုလ်တစ်ယောက် မဟုတ်တော့။

ကာကွယ်ရေးဝန်ကြီးတစ်ဦး ဖြစ်နေ၏။

အစ္စရေးလ်အစိုးရအဖွဲ့ဝင်တစ်ဦး ဖြစ်နေ၏။

***"နိုင်ငံရေးသမားတို့သည် စစ်တပ်၏ အောင်မြင်မှုများကို ဆုံးရှုံးစေသည်"*** ဆိုသော စကားလုံးကို ကျွန်ုပ် မပြောဆိုနိုင်တော့ပါ။

အကယ်၍ ၁၉၈၇ ခုနှစ်၌ ဆီနိုင်းစစ်ပွဲသစ်တစ်ခု ပေါ်ပေါက်လာဦးမည်ဆိုပါလျှင် ယခုပြောသော စကားများကို ကျွန်ုပ် ပြောဆိုနိုင်ဖွယ်ရာ အကြောင်းမရှိတော့ပါချေ။

မိုရှေဒါယန် ဇေဟာလာ အစ္စရေးလ်နိုင်ငံ

၁၉၆၇ ခုနှစ်၊ ဇွန်လ။

❖